ရှင်သန်မြန်မာ၊ အတ္ထုပ္ပတ္တိ

mdyoe.com

လူထုခေါင်းဆောင်

# ဒေါ်အောင်ဆန်းစုကြည်



mdyoe.com

စာသား - ကိုလေးမြတ်၊ သရုပ်ဖော် - ကိုကိုနိုင်

mgyoe.com

ကလေးလူငယ်များအတွက်နှင့်
စာဖတ်ကျင့်ရရှိရေး ရည်ရွယ်စီစဉ်သော
အခြေခံမိတ်ဆက်စာစဉ် (အတ္ထုပ္ပတ္တိ)

ISBN 9789997117502
BBU1
9 789997 117502
1,000.00KS

mgyoe.com

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ကိုလေးမြတ်နှင့် ကိုကိုနိုင်
စာမျက်နှာ ၄၃ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ • ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

အခြေခံမိတ်ဆက်စာစဉ်

# လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်

# The 100 Most Influential World Leaders of All Time

**Edited by**

**Amy McKenna** မှ

ကိုလေးမြတ် ကောက်နုတ်မှီငြမ်းပြီး

ပန်းချီကိုကိုနိုင်က သရုပ်ဖော်သည်

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

* စာဖတ်တတ်ခါစ ကလေးသူငယ်များ၊ လေ့လာသူ လူငယ် လူရွယ်လေးများ၊ မြန်မာစာ စတင်သင်ယူသူများ... အစ ရှိသဖြင့် ဖတ်ရှုနိုင်ရန် စီစဉ်သော စိတ်ကူးချိုချို၏ အခြေခံ မိတ်ဆက်စာစဉ်များ ဖြစ်ပါသည်။
* ဤအစီအစဉ်များတွင် အရုပ်နှင့် အရောင်များသော အစဉ်အလာ မြန်မာပုံပြင်များ၊ ထင်ရှားသော မြန်မာလူမျိုး ပုဂ္ဂိုလ်များ၏ ဘဝထုပ္ပတ်အကျဉ်းများ၊ လေ့လာမှတ်သား ဖွယ် မြန်မာစာပေမိတ်ဆက်များ ပါဝင်ထွက်ရှိသွားမည် ဖြစ်ပါသည်။

mgyoe.com

mgyoe.com



mgyoe.com




mgyoe.com



ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၉၁ ခုနှစ်တွင် နိုဘယ်ငြိမ်းချမ်းရေးဆု ရရှိခဲ့သည်။ ဒီမိုကရေစီ လိုလားထောက်ခံသည့် 'နိုင်ငံ့ထိပ်တန်း အတိုက်အခံခေါင်းဆောင်တစ်ဦး' အဖြစ် ရရှိခဲ့ခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


၁၉၈၉ ခုနှစ်မှစ၍ မြန်မာအာဏာပိုင်များ၏ နေအိမ်အကျယ်ချုပ် ချထားခြင်းကို နှစ်ရှည်လများ ခံခဲ့ရသည်။ သို့သော် စိတ်ဓာတ်ခွန်အား လုံးဝ ယိုင်နဲ့ ကျဆင်းသွားခြင်း မရှိဘဲ၊ မတရားသည့် တရားဥပဒေများကို တစိုက် မတ်မတ် အာခံခဲ့သည်။ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ ထွန်းကားစေရန် လှုပ်ရှားတိုက်ပွဲဝင်ခဲ့သည်။ ရဲရဲတောက် အာဂအမျိုးသမီး တစ်ဦးဖြစ်၍ ဒေါ်အောင်ဆန်းစုကြည်ကို သံမဏိနှင်းဆီဟု တင်စားကြ သည်။

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com


ဒေါ်အောင်ဆန်းစုကြည်ကို ဗမာ့လွတ်လပ်ရေးဖခင် အာဇာနည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် နောင်တွင် မြန်မာ သံအမတ်ကြီးတစ်ဦးဖြစ်သူ ဒေါ်ခင်ကြည်တို့မှ ၁၉၄၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်တွင် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


ဒေါ်အောင်ဆန်းစုကြည်သည် သူမ၏ ဖခင် ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံသတ်ဖြတ်ခံရစဉ်အခါက အသက် နှစ်နှစ်မျှသာ ရှိသေးသည်။ သူမ၏ မိခင် ဒေါ်ခင်ကြည်ကို အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်စေလွှတ်ခြင်း ခံရသည့် ၁၉၆၀ ခုနှစ်အထိ မြန်မာနိုင်ငံတွင် ကျောင်းတက်ပညာသင်ကြားခဲ့သည်။ ထို့နောက် အိန္ဒိယနိုင်ငံတွင် ဆက်လက်ပညာသင်ကြားပြီး အောက်စ်ဖို့တက္ကသိုလ်သို့ ဆက်လက်တက်ရောက်ခဲ့သည်။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



၁၉၇၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် မြောက်ပိုင်းဗုဒ္ဓဘာသာ မဟာယန၏ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာသမိုင်း သုတေသီ ဗြိတိန်နိုင်ငံသား ဒေါက်တာမိုက်ကယ်အဲရစ်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ဘူတန်နိုင်ငံ၌ ထိမ်းမြားလက်ထပ်ခဲ့သည်။

၁၉၈၈ ခုနှစ် မတိုင်မီထိ ခင်ပွန်း၊ သားနှစ်ဦးနှင့်အတူ အေးငြိမ်းချမ်းသာသည့် မိသားစုဘဝတွင် နေထိုင်ခဲ့သည်။ ၁၉၈၈ တွင် အပြင်းအထန်နာမကျန်းဖြစ်နေသော မိခင်ကြီးအား ပြုစုစောင့်ရှောက်ရန် မြန်မာနိုင်ငံသို့ ပြန်လာခဲ့ရသည်။

mgyoe.com



mgyoe.com

mgyoe.com


မြန်မာပြည်သို့ ရောက်ရှိချိန်တွင် ရက်စက်ကြမ်းကြုတ်စွာ ဖိနှိပ်အုပ်ချုပ်နေသည့် အာဏာရှင် စစ်ခေါင်းဆောင် ဦးနေဝင်းအစိုးရကို ပြည်သူလူထုတစ်ရပ်လုံးက ဆန့်ကျင်အုံကြွနေကြသည်။ သူ့အနေဖြင့် အကြမ်းဖက်ဖြိုခွဲသတ်ဖြတ်နေသော လုပ်ရပ်များကို ရဲဝံ့ပွင့်လင်းစွာ ဝေဖန်ထောက်ပြ အရေးဆိုရန် အခြေအနေ ဖြစ်လာတော့သည်။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ထွန်းကားရေးနှင့် လူ့အခွင့်အရေး ရရှိရေးအတွက် အကြမ်းမဖက်သော နိုင်ငံရေးနည်းဖြင့် စတင်လှုပ်ရှား ကြိုးပမ်းအားထုတ်ခဲ့ခြင်း ဖြစ်သည်။

mgyoe.com